# ဟော်တယ်နှင့်ပျော်ပွဲစားရုံခွန်အက်ဥပဒေ။

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၀။] (၁၉၄၉ ခု၊ ဩဂုတ်လ ၁ ရက်။)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

သက်ဆိုင်ခြင်းနှင့် စတည်ရန်နေ့ရက်။

၁။ ။ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်ရပ်ကွက်၊ သို့တည်းမဟုတ် ရပ်ကွက်များတွင် သတ်မှတ်သည့်နေ့ရက်၊ သို့တည်းမဟုတ် နေ့ရက်များမှစ၍၊ အာဏာတည်စေရမည်။°

---

° ဤအက်ဥပဒေသည်၊ ၁၉၄၉ ခု၊ ဩဂုတ်လ ၁ ရက်နေ့၌ ရန်ကုန်နေပြည်တော် တဝှန်းလုံးတွင် စတင်အာဏာတည်သည်။ ။မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၉ ခု၊ အပိုင်း၁၊ စာမျက်နှာ ၅၉၄ တွင်ကြည့်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက် စကားတို့၏အဓိပ္ပါယ်နှင့် ဖြစ်စေ၊ မဆန့်ကျင်လျှင်—— အဓိပ္ပါယ်ဖော်ပြချက်များ။

(က) ''ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံ'' ဆိုသည်မှာ၊ အခန်းနှင့် စားဘွယ်သောက်ဘွယ်ကိုသော်၎င်း၊စားဘွယ်သောက်ဘွယ်သက်သက်ကိုသော်၎င်း၊ ရောင်းချရေး အတွက် ထားရှိသောနေရာဖြစ်စေ၊ စားဘွယ် သောက်ဘွယ် ရောင်းချသည့်နေရာနှင့် ပူးတွဲထားသော ဟော်တယ်ကိုဖြစ်စေ ဆိုလိုသည်။ ထိုစကားရပ်တွင်အခါအားလျော်စွာအစိုးရက အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍၊ ပြည်သူ့ဟော်တယ်၊သို့တည်းမဟုတ် ပျော်ပွဲစားရုံကိုညွှန်ကြားသည့် အများပြည်သူတို့ စားသောက်ရာ ဆိုင်အမျိုးအစား၊ သို့တည်းမဟုတ် အမျိုးအစားများ၊ ကာဖေးများ၊ စားခန်း သောက်ခန်းများ၊ တည်းခိုရာ အခန်းများ၊ မုံ့ဖိုများ၊ အချိုအချဉ်ဆိုင်များ၊ သို့တည်းမဟုတ် လူတို့စားသုံးရန်အတွက် စားဘွယ်သောက်ဘွယ် ဝတ္ထုပစ္စည်းများကို ရောင်းချသော နေရာများ ပါဝင်သည်။

(ခ) ''စားဘွယ်သောက်ဘွယ်'' ဆိုသည်မှာ၊ မည်သည့်အစားအသောက်မျိုးကိုမဆို ဆိုလိုသည်။

[၁](ဂ) ''အဘိုးအခများ'' ဆိုသည်တွင်၊ ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံတွင်၊ အခန်းငှါးသည့် အခငွေဖြစ်စေ၊ အစားအသောက် အတွက် ကျသင့်သည့် အဘိုးငွေဖြစ်စေ၊ ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံမှ ပြင်ပသို့ ပေးပို့ ရောင်းချသော စားဘွယ်သောက်ဘွယ်များအတွက် ကျသင့်သော တန်ဘိုးများဖြစ်စေ၊ အသုံးခံ ဆောင်ရွက်မှုများနှင့် အခြားလွယ်ကူရန် ဆောင်ရွက်ပေးမှုများအတွက် ကျသင့်သည့် အဘိုးအခများဖြစ်စေ ပါဝင်သည်။

(ဃ) ''ပိုင်ရှင်'' ဆိုသည်မှာ၊ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံနှင့် ပတ်သက်၍၊ ထိုဟော်ဘယ်နှင့်ပျော်ပွဲစားရုံကို စီမံအုပ်ချုပ်ရာ၌ တာဝန်ရှိသူမည်သူကိုမဆို ဆိုလိုသည်။

(င) ''အခန်း'' ဆိုသည်မှာ၊ ခရီးသည်များ၊ သို့တည်းမဟုတ် အခြားလူများအတွက် နေထိုင်ရန်၊ သို့တည်းမဟုတ် တည်းခိုရန်၊ ပိုင်ရှင်တဦးက ချထားသော နေရာကို ဆိုလိုသည်။

[၁](စ) ''တည်းခိုစားသုံးသူ'' ဆိုသည်မှာ၊ လက်ငင်းသော်၎င်း၊ အကြွေးသော်၎င်း၊ အခမဲ့သော်၎င်း၊ ပြည်သူ့ ဟော်တယ်နှင့် ပျော်ပွဲစားရုံတွင် အခန်းငှါးသူ၊ သို့တည်းမဟုတ် စားဘွယ် သောက်ဘွယ်ကို စားသုံးသူ၊ သို့တည်းမဟုတ် ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံမှ ပြင်ပသို့ စားဘွယ်သောက်ဘွယ်ကို မှာယူစားသုံးသူ မည်သူကိုမဆို ဆိုလိုသည်။

(ဆ) ''ပြဋ္ဌာန်းထားသည်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည်ကို ဆိုလိုသည်။

[၂](ဇ) ''မင်းကြီး'' ဆိုသည်မှာ၊ ကုန်သွယ်လုပ်ငန်းခွန် မင်းကြီးကို ဆိုလိုသည်။

---

[၁] ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၇ အရ အစားထည့်သွင်းသည်။
[၂] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆ အရ ထည့်သွင်းသည်။

လိုင်စင်မရှိဘဲ ဟော်တယ် နှင့် ပျော်ပွဲစားရုံဖွင့်ခြင်းကိုတားမြစ်ခြင်း။

၃။ ။(၁) ဤအက်ဥပဒေကို အမိန့်ကြော်ငြာစာဖြင့် သက်ဆိုင်စေသည့်မည်သည့်နေရာရပ်ကွက်တွင်မဆို၊ ထိုအမိန့်ကြော်ငြာစာအတွက်သတ်မှတ်ထားသောနေ့ရက်မှစ၍၊ ဤအက်ဥပဒေအရ ထုတ်ပေးသော လိုင်စင်နှင့် နိုင်ငံတော် သမတက ကန့်သတ်ထားသည့် စည်းကမ်းချက်များအရမှတပါး၊ မည်သူမဆိုပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံများကို မဖွင့်ရ။

[၁](၂) ဤအက်ဥပဒေပါ ကိစ္စအလို့ငှါ၊ ဟော်တယ်၊ သို့တည်းမဟုတ် ပျော်ပွဲစားရုံတခုခုသည်၊ လိုင်စင်ယူရန် လို မလို ဟူသောပြဿနာ ပေါ်ပေါက်လျှင်၊မင်းကြီးသည် ထိုပြဿနာကို ဆုံးဖြတ်ရမည်။ မင်းကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်ရမည်။

အခွန်စည်းကြပ်ခြင်း။

[၂]၄။ ။(၁) ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံတွင်အခန်းငှါးသည်ဖြစ်စေ၊စားဘွယ်သောက်ဘွယ်ကို ရောင်းချသည်ဖြစ်စေ၊ စားသုံးသည်ဖြစ်စေ၊ ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံမှ ပြင်ပသို့ စားဘွယ် သောက်ဘွယ်ကို ပေးပို့ရောင်းချသည်ဖြစ်စေ၊ ပိုင်ရှင်ကတောင်းဆိုသော အဘိုးအခများ အပေါ်တွင် ရာခိုင်နှုန်း နှစ်ဆယ် အခွန်စည်းကြပ်ရမည်။ ထိုအခွန်ကို အစိုးရ ကိုယ်စား၊ ပိုင်ရှင်က တည်းခိုစားသုံးသူထံမှ စည်းကြပ်ကောက်ခံရမည်။

ခြွင်းချက်။ ။သို့ရာတွင်ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံတွင်အခန်းကိုအခမဲ့သော်၎င်း၊ အကြွေးသော်၎င်း၊ ငှါးသည်ဖြစ်စေ၊ စားဘွယ်သောက်ဘွယ်ကို အခမဲ့သော်၎င်း၊ အကြွေးသော်၎င်း၊ ရောင်းချသည်ဖြစ်စေ၊ စားဘွယ်သောက်ဘွယ်ကို ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံမှ ပြင်ပသို့အခမဲ့သော်၎င်း၊ အကြွေးသော်၎င်း၊ ပေးပို့ရောင်းချသည်ဖြစ်စေ၊ ပိုင်ရှင်သည် အဘိုးအခငွေကို လက်ငင်းရသကဲ့သို့၊ ထိုကျသင့်သော အဘိုးအခပေါ်တွင် အခွန်ကို အပြည့်စည်းကြပ်ရမည်။

ခြွင်းချက်။ ။ထို့ပြင် ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံအတွင်း၊ ပြင်ပမှယူဆောင်လာ၍ စားသောက်သော စားဘွယ်သောက်ဘွယ်များ၏ တန်ဘိုးအပေါ်၌လည်း၊ အထက်တွင်ဖေါ်ပြထားသည့် နှုန်းအတိုင်း အခွန်စည်းကြပ်လျက်၊ ၎င်းစားဘွယ် သောက်ဘွယ်များကို အဆိုပါ ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံက ရောင်းချခဲ့သည်ဆိုပါက တောင်းဆိုမည့် ဈေးနှုန်းများအတိုင်း၊ အဘိုးအခများကို တွက်ချက်ရမည်။

[၁](၂) လိုင်စင်မယူဘဲဖွင့်ထားသော ဟော်တယ်သည်၊သို့တည်းမဟုတ်ပျော်ပွဲစားရုံသည်၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(၁)အရ လိုင်စင်ယူရန်လိုသည်ဟု မင်းကြီးက ဆုံးဖြတ်လျှင်၊ ထိုဟော်တယ်၏၊ သို့တည်းမဟုတ် ပျော်ပွဲစားရုံ၏ပိုင်ရှင်သည်၊ ထိုဟော်တယ်ကို၊ သို့တည်းမဟုတ် ပျော်ပွဲစားရုံကို ဖွင့်သည့်နေ့မှစ၍ ထိုက်သင့်ကျရှိသော အခွန်ကိုပေးရမည်။

[၁](၃) ပုဒ်မခွဲ (၁)အရ ကောက်ခံသော အခွန်နှင့်ပုဒ်မခွဲ (၂)အရပေးရမည့်အခွန်ကို၊ ပိုင်ရှင်က အစိုးရအား နိုင်ငံတော်သမတက ပြဋ္ဌာန်းသော နည်းလမ်းအတိုင်းပေးရမည်။

ခြွင်းချက်။ ။သို့ရာတွင်ပိုင်ရှင်သည်၊ တည်းခိုစားသုံးသူတို့အားပြေစာများထုတ်ပေးခြင်းကို၊သို့တည်းမဟုတ်လုပ်ငန်းဆိုင်ရာစာရင်းအင်းများစံနစ်တကျထားရှိခြင်းကိုမပြုလျှင်၊ ထိုသို့မပြုခဲ့သောနေ့ရက်များတွင် ပိုင်ရှင်က တောင်းဆိုသင့်သည့် အဘိုးအခများကို ပုဒ်မ ၁၁ အရ ခန့်ထားခြင်းခံရသော မည်သည့်အရာရှိကမဆို မိမိသဘောအတိုင်း သင့်လျော်သော အဘိုးအခကို ဆုံးဖြတ်၍၊ ထိုအဘိုးအခအပေါ်တွင် အခွန်စည်းကြပ်ရမည်။ ထိုအရာရှိသည်၊ ဤကဲ့သို့ဆုံးဖြတ်ခြင်းမပြုမီ၊ ပိုင်ရှင်အား ချေပပြောဆိုခွင့်ပေးရမည်။

---

[၁] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆ အရ ထည့်သွင်းသည်။
[၂] ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၇ အရ အစားထည့်သွင်းသည်။

[၁](၄) တည်းခိုစားသုံးသူထံမှ ထိုက်သင့်ကျရှိသောအခွန်ကိုကောက်ခံရန်ပျက်ကွက်လျှင်၊ ပိုင်ရှင်သည်၊ ထိုအခွန်ကို ပေးဆောင်ရမည်။ ထိုပေးဆောင်ခြင်းသည်၊ ဤအက်ဥပဒေအရ ထိုက်သင့်သောပြစ်ဒဏ် အပြင်ပေးဆောင်ခြင်းဖြစ်စေရမည်။

[၁](၅) လူဘဦးတယောက်သည်၊ ဥပစာတခု၏အတွင်း၌သော်၎င်း၊ ပြင်ပ၌သော်၎င်း၊ နေရာခွဲခြားသတ်မှတ်၍၊ထိုနေရာများတွင်စားဘွယ် သောက်ဘွယ်များကို အခြားသူအမည်နှင့် ရောင်းချနေသည်ဟု ယူဆရန်လုံလောက်သော အကြောင်းရှိလျှင်၊ မင်းကြီးက၊ထိုသူသည်၊ထိုသို့နေရာခွဲခြား ရောင်းချနေသည့်ဆိုင်ခွဲများ၏ စီမံအုပ်ချုပ်သူဖြစ်သည်ဟု အဘယ်ကြောင့် မဆုံးဖြတ်ထိုက်ကြောင်း ချေပရန်၊ ထိုသူအား ဆင့်ဆိုနိုင်သည်။ မင်းကြီးသည်၊ ထိုသူ၏ချေပချက်ကို မကျေနပ်လျှင်သော်၎င်း၊ မိမိသင့်သည်ဟုထင်မြင်သည့်အတိုင်း စုံစမ်းစစ်ဆေး၍ သင့်တော်သည့် ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။ မင်းကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

၅။ ။(၁) ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံ၌၊တထိုင်တည်းစားသုံးရာတွင် မှာသော စားဘွယ်သောက်ဘွယ် အမျိုးမျိုးအတွက် ပေးဆောင်ရန် အခွန်ကို မှာယူသုံးဆောင်သော စားဘွယ်သောက်ဘွယ်တခုစီ၏ တန်ဘိုးအပေါ်၌၊ ပိုင်ရှင်သည် သီးခြားမတွက်ချက်ဘဲ၊ အားလုံးသောစားဘွယ်သောက်ဘွယ်များ၏ တန်ဘိုးအပေါ်၌ တွက်ချက်ရမည်။

(၂) လူအများစုပေါင်း၍ သုံးဆောင်ရန် စားဘွယ်သောက်ဘွယ်များကို မှာသည့်အခါ ပိုင်ရှင်သည် အခွန်တော်ကို တွက်ချက်ရန် စားဘွယ်သောက်ဘွယ်များ၏ တန်ဘိုးကို တဦးစီမတွက်ချက်ဘဲ၊ အားလုံးသော လူများအတွက်၊ စုပေါင်း၍ တွက်ချက်တောင်းဆိုရမည်။

ရှင်းလင်းချက်။ ။စုပေါင်း၍သုံးဆောင်ခြင်းဆိုသည်မှာ၊မှာယူသော မည်သည့်စားဘွယ်သောက်ဘွယ်ကိုမဆို၊ လူစုတွင်ပါဝင်သော လူအသီးသီးသည် အခြားအပေါင်းဝင်များနှင့် အတူသုံးဆောင်ခြင်း၊ သို့တည်းမဟုတ် ထိုလူစုကို အခြားပုဂ္ဂိုလ်တဦး၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်များ ဧည့်ခံကျွေးမွေးခြင်းကို ဆိုလိုသည်။

၆။ ။(၁) တည်းခိုစားသုံးသူသည်၊ အခွန်ကိုပိုင်ရှင်အား ပေးရမည်။ ပိုင်ရှင်သည် အခွန်ဆောင် အဘိုးအခများနှင့် အခွန်ကိုမှန်ကန်စွာ ရေးသားထားသော ဟော်တယ်နှင့်ပျော်ပွဲစားရုံ၏ ပြေစာကို ရန်နည်းလမ်း။ ထုတ်ပေးပြီး အခွန်ကောက်ခံရမည်။ [ထိုပြေစာကို ဤအက်ဥပဒေအရ ခန့်အပ်ထားသောအရာရှိတဦးဦးက စစ်ဆေးရန် တောင်းဆိုခဲ့သော်၊ တည်းခိုစားသုံးသူသည် ထုတ်ပေးရမည်။][၂]

(၂) ပုဒ်မခွဲ (၁) အရထုတ်ပေးထားသောပြေစာတိုင်း၌ ပိုင်ရှင်သည် အစိုးရကထုတ်ထားသည့် မသုံးရသေးသောအခွန်တော်တံဆိပ်ခေါင်း၊ သို့တည်းမဟုတ် တံဆိပ်ခေါင်းများကို၊ ပုဒ်မ ၄ အရ ထိုက်သင့်ကျရှိသော အခွန်တော်ပေးပြီးကြောင်း အထိမ်းအမှတ်ဖြင့်ကပ်ရမည်။ ဤသို့ကပ်ပြီးသည်နှင့်တပြိုင်နက်၊ ပိုင်ရှင်သည် ၎င်းတံဆိပ်တော်ခေါင်းများကို ထပ်မံ မသုံးစွဲနိုင်စေခြင်း အလို့ငှါ ပယ်ဖျက်၊ သို့တည်းမဟုတ် ပုံသဏ္ဍာန်ပျက်အောင်ပြုလုပ်ရမည်။

၇။ ။ပုဒ်မ ၃၊ ၄၊ ၅ နှင့် ၆ ပါပြဋ္ဌာန်းချက်များကို ကျူးလွန်သူ မည်သူမဆို ပြစ်မှုစီရင် ပုဒ်မ ၃၊ ၄၊ ၅ ခြင်းခံရသောအခါ၊ တနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ တထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ နှင့် ၆ ကိုကျူး စီရင်ခြင်းခံရမည်။ လွန်သည့်အတွက်ပြစ်ဒဏ်။

[၁] ခြွင်းချက်။ ။သို့ရာတွင်—

(၁) ပဌမအကြိမ် ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊ အဆိုပါ ထောင်ဒဏ်သည်၊ တလအောက်မနည်းစေရ။ ငွေဒဏ်သည် ကျပ်တရာအောက်မနည်းစေရ။

---

[၁] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆ အရ ထည့်သွင်းသည်။

[၂] ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၇ အရထည့်သွင်းသည်။

(၂) ဒုတိယအကြိမ် ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ နှစ်လအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်နှစ်ရာအောက် မနည်းစေရ။

(၃) တတိယအကြိမ် ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊အဆိုပါ ထောင်ဒဏ်သည်၊လေးလအောက် မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်လေးရာအောက်မနည်းစေရ။

(၄) စတုတ္ထအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါ ထောင်ဒဏ်သည်၊ ရှစ်လအောက်မနည်းစေရ။ ငွေဒဏ်သည်၊ကျပ်ရှစ်ရာအောက် မနည်းစေရ။

(၅) ပဉ္စမအကြိမ်၊ သို့တည်းမဟုတ် နောက်အကြိမ် ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ တနှစ်အောက်မနည်းစေရ။ ငွေဒဏ်သည်၊ကျပ်တထောင်အောက် မနည်းစေရ။

အခွန်ဆောင်ရန်အခြားနည်းလမ်း။

၈။ ။(၁) နိုင်ငံတော်သမတသည်၊အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ဟော်တယ်နှင့် ပျော်ပွဲစားရုံ၊သို့တည်းမဟုတ် ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံ အမျိုးအစား၏ပိုင်ရှင်၊သို့တည်းမဟုတ် ပိုင်ရှင်များအား ထမ်းဆောင်ရန်ရှိသော အခွန်ကို၊ ပြေစာပေါ်တွင် အခွန်တော် တံဆိပ်ခေါင်းများမကပ်ဘဲ၊ အခြားနည်းလမ်းဖြင့်ပေးစေရန် နိုင်ငံတော်သမတက ညွှန်ကြားသည့် စည်းကမ်းချက်များအရ ပေးဆောင်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ ပြဋ္ဌာန်းချက်များနှင့် အညီ အခွန်တော်ကို ထမ်းဆောင်ရခဲ့သော်၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များနှင့် [သက်ဆိုင်ခြင်းမရှိရ။][1]

အခွန်တိမ်းရှောင်ခြင်း၊ အကြောင်းအရာ ဖြေကြားရန် ပျက်ကွက်ခြင်းစသည်များအတွက်ပြစ်ဒဏ်။

၉။ ။(၁) မည်သူမဆို ဤအက်ဥပဒေအရ၊ ထိုက်သင့်ကျရှိသော အခွန်ဘော်ကို တိမ်းရှောင်၊ သို့တည်းမဟုတ် တိမ်းရှောင်ရန်အားထုတ်ခဲ့သော်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများအရ၊ ဖြေကြားရမည်ဖြစ်သော အကြောင်းအရာကို ဖြေကြားရန် ပျက်ကွက်ခဲ့သော်၊ သို့တည်းမဟုတ် သိလျက်နှင့်မမှန်သောအကြောင်းအရာကို ဖြေကြားသည်ရှိသော်၊ တနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ တထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

[2] ခြွင်းချက်။ ။သို့ရာတွင်—

(၁) ပဌမအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါ ထောင်ဒဏ်သည်၊ တလအောက် မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်တရာအောက်မနည်းစေရ။

(၂) ဒုတိယအကြိမ် ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊အဆိုပါထောင်ဒဏ်သည်၊ နှစ်လမအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်နှစ်ရာအောက်မနည်းစေရ။

(၃) တတိယအကြိမ် ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊ အဆိုပါ ထောင်ဒဏ်သည်၊ လေးလအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်လေးရာအောက် မနည်းစေရ။

(၄) စတုတ္ထအကြိမ် ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊အဆိုပါထောင်ဒဏ်သည်၊ရှစ်လအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်ရှစ်ရာအောက်မနည်းစေရ။

(၅) ပဉ္စမအကြိမ်၊ သို့တည်းမဟုတ် နောက်အကြိမ် ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည် တနှစ်အောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်တထောင်အောက်မနည်းစေရ။

ပြစ်မှုကျူးလွန်ရန်အားပေးကူညီသည့်အတွက်ပြစ်ဒဏ်။

(၂) မည်သူမဆို ပုဒ်မခွဲ (၁) တွင်ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုတခုကို အားပေးကူညီခဲ့သော်၊ ဤသို့ အားပေးကူညီခြင်းကြောင့် ထိုပြစ်မှုသည်၊ ထမြောက်သည် ဖြစ်စေ၊

---

[1] ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၇ အရ အစားထည့်သွင်းသည်။

[2] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆ အရ ထည့်သွင်းသည်။

မထမြောက်သည်ဖြစ်စေ၊ ထိုသူအား ရာဇသတ်ကြီး ပုဒ်မ ၁၁၆ တွင်၊ မည်သို့မဆိုပါရှိစေကာမူ၊ပြစ်မှု ကျူးလွန်ခြင်းအတွက်၊ ပြဋ္ဌာန်းထားသောပြစ်ဒဏ်ကို ခံစေရမည်။

အခွန်မပြေ ကျန်ငွေကို အရ တောင်းခံခြင်း။

၁၀။ ။(၁) ဤအက်ဥပဒေအရ ပေးဆောင်ရန် ရှိသော အခွန်ကို ပြဋ္ဌာန်းထားသည့် အချိန်အတွင်း၊ သို့တည်းမဟုတ် နည်းနာအတိုင်း မပေးဆောင်ခဲ့သော်၊ ၎င်းငွေကို မပြေ ကျန်ငွေဟု မှတ်ယူရမည်။

(၂) မည်သည့်မပြေကျန်ငွေကို ကောက်ခံရသည့်အတွက် စရိတ်ငွေနှင့်တပါတည်း၊ မြေခွန်တော်မပြေကျန်ငွေကဲ့သို့ တောင်းခံရမည်။ ဤကဲ့သို့ တောင်းခံခြင်းသည်၊ ဤအက်ဥပဒေအရ ထိုက်သင့်သောပြစ်ဒဏ် အစားတောင်းခံခြင်းမဟုတ်၊ ၎င်းပြစ်ဒဏ်များအပြင် တောင်းခံခြင်း ဖြစ်စေရမည်။

အရာရှိများခန့် ထားနိုင်သည့် အာဏာ။

၁၁။ ။နိုင်ငံတော် သမတသည်၊ ဤအက်ဥပဒေပါကိစ္စများနှင့် ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ အရာရှိများကို ခန့်ထားနိုင်သည်။

ဝင်ရောက်စစ် ဆေးနိုင်သည့် အာဏာ။

၁၂။ ။(၁) ပုဒ်မ ၁၁ အရ၊ ခန့်ထားခြင်းခံရသော မည်သည့်အရာရှိမဆို၊ ဤအက် ဥပဒေပါပြဋ္ဌာန်းချက်များ၊သို့တည်းမဟုတ် ၎င်းအရပြုလုပ်ထားသော နည်းဥပဒေများ၊အမိန့်ကြော်ငြာ စာများ၊ညွှန်ကြားချက်များ၊သို့တည်းမဟုတ် အမိန့်များကို လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ ကြည့်ရှုစစ် ဆေးရန်အလို့ငှါ၊သင့်လျော်သောအချိန်အခါများ၌၊ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံတွင်းသို့ဖြစ်စေ၊ ဟော်တယ်နှင့် ပျော်ပွဲစားရုံအဖြစ် သာမန်အားဖြင့် အသုံးပြုသည့်မည်သည့်နေရာဘွင်းသို့မဆိုဖြစ်စေ၊ လူတို့စားသုံးရန်ဖြစ်သော စားဘွယ်သောက်ဘွယ် ဝတ္ထု၊ဝတ္ထုည်းတို့ကို ရောင်းချသော မည်သည့်နေရာ အဆောက်အဦ၊ သီးသန့် ထားသည့်နေရာ၊ ဆိုင်ကန္နားတွင်းသို့ မဆိုဖြစ်စေ [ဟော်တယ်နှင့်၊ သို့တည်းမဟုတ် ပျော်ပွဲစားရုံနှင့်သက်ဆိုင်သော စာရင်းအင်း၊ငွေစာရင်းစာအုပ်၊စာမှတ် စာတမ်းများ ထားရှိရာ မည်သည့် အဆောက်အဦတွင်းသို့မဆိုဖြစ်စေ][၁] ဝင်ရောက်စစ်ဆေးနိုင်သည်။

[၁](၂) ပိုင်ရှင်သည်၊ ဤအက်ဥပဒေအရ ထိုက်သင့်ကျရှိသောအခွန်တော်ကို တိမ်းရှောင် ရန် အားထုတ်နေသည်ဟု သက်ာမကင်းရန် လုံလောက်သော အကြောင်းရှိလျှင်၊ မင်းကြီးသည်၊ ထိုအကြောင်းကိုရေးသား၍၊ ပုဒ်မ ၁၁ အရ ခန့်ထားခြင်းခံရသော အရာရှိတဦးဦးအား၊ထိုပိုင်ရှင်၏ စာရင်းအင်း၊ သို့တည်းမဟုတ်ငွေစာရင်းစာအုပ်၊ သို့တည်းမဟုတ် စာမှတ် စာတမ်း လိုအပ်သမျှကို သိမ်းယူရမည်ဟု ညွှန်ကြားနိုင်သည့်ပြင်၊ ထိုထိုသိမ်းယူသော စာရင်းအင်းကို၊ သို့တည်းမဟုတ် ငွေ စာရင်းစာအုပ်ကို၊ သို့တည်းမဟုတ် စာမှတ်စာတမ်းကို စစ်ဆေးရန်အလို့ငှါသော်၎င်း၊ တရားစွဲဆိုရန် အလို့ငှါသော်၎င်း၊ လိုအပ်သည့် ကာလအပိုင်းအခြား အတွင်းသာလျှင် ဆက်လက်သိမ်းယူထားစေ ရမည်။

တားဆီးပိတ် ပင်သည့် အ တွက်ပြစ်ဒဏ်။

(၃) မည်သူမဆို ပုဒ်မ ၁၁ အရ ခန့်ထားသော အရာရှိ၏ ဝင်ရောက်စစ်ဆေးခြင်းကို တားဆီးလျှင်၊ ထိုသူအား တည်ဆဲတရားဥပဒေတခုခုအရ စီရင်နိုင်သည့် ပြစ်ဒဏ်များအပြင်၊ တနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ တထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းကိုလည်းခံရမည်။

[၁]ခြွင်းချက်။ ။သို့ရာတွင်—

(၁) ပဌမအကြိမ်ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ တလ အောက်မနည်းစေရ။ ငွေဒဏ်သည် ကျပ်တရာအောက်မနည်းစေရ။

(၂) ဒုတိယအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည် နှစ်လ အောက်မနည်းစေရ။ ငွေဒဏ်သည် ကျပ်နှစ်ရာအောက်မနည်းစေရ။

---

[၁] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆ အရထည့်သွင်းသည်။

(၃) တတိယအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ လေးလအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်လေးရာအောက်မနည်းစေရ။

(၄) စတုတ္ထအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ ရှစ်လအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်ရှစ်ရာအောက်မနည်းစေရ။

(၅) ပဉ္စမအကြိမ်၊ သို့တည်းမဟုတ် နောက်အကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ တနှစ်အောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်တထောင်အောက်မနည်းစေရ။

ဤအက်ဥပဒေအရခန့်ထားသောအရာရှိသည်၊ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရခြင်း။

(၄) ပုဒ်မ ၁၁ အရ ခန့်ထားသော အရာရှိအသီးသီးမှာ၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

အခွန်တော်အရာရှိ၊ ရဲအရာရှိ၊ သို့တည်းမဟုတ် ယစ်မျိုးအရာရှိများက၊ ဤအက်ဥပဒေအရ ခန့်ထားသောအရာရှိများကို ကူညီရမည့်အကြောင်း။

၁၃။ ။မည်သည့်အခွန်တော်အရာရှိ၊ ရဲအရာရှိ၊ သို့တည်းမဟုတ်ယစ်မျိုးအရာရှိမဆို၊ဤအက်ဥပဒေကိုကျူးလွန်မှုတခုခုကိုကြားသိခဲ့ပါက၊ ချက်ခြင်းဝင် ထိုအကြောင်းအရာကို၊ ပုဒ်မ ၁၁ အရ ခန့်ထားသော အရာရှိထံ ပေးပို့ရမည်။ ၎င်းပြင် ဤကဲ့သို့ ခန့်ထားခြင်းခံရသော အရာရှိက၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန်၊ အကူအညီတောင်းပါက ကူညီမစရမည်။

ကင်းလွတ်ခွင့်၊ နှုန်းလျှော့ခွင့်၊ သို့တည်းမဟုတ် အခြားပြင်ဆင်ခွင့်အာဏာ။

[1] ၁၄။ ။စည်းကြပ်ကောက်ခံရမည့်အခွန်နှင့်စပ်လျဉ်း၍၊ မည်သည့် ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံ၊ သို့တည်းမဟုတ် မည်သည့်ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံအမျိုးအစားပေါ်တွင်မဆို၊ သို့တည်းမဟုတ် မည်သည့်ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံတွင်ရောင်းချသော မည်သည့်စားကွယ် သောက်ကွယ်မျိုးပေါ်တွင်မဆို၊ နိုင်ငံတော်သမတသည်၊ သာမန်အမိန့်ဖြင့်၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားသတ်မှတ်ထားသည့်ကင်းလွတ်ချက်ကို၊ သို့တည်းမဟုတ် အခွန်နှုန်းလျှော့ပေါ့ချက်ကို၊ သို့တည်းမဟုတ် အခြားပြင်ဆင်ချက်များကိုပြုလုပ်နိုင်သည်။

နည်းဥပဒေများပြုလုပ်နိုင်သည့်အာဏာ။

၁၅။ ။(၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါကိစ္စများနှင့် ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍၊ နည်းဥပဒေများ [2] ပြုလုပ်နိုင်သည်။

(၂) အထူးသဖြင့် ဆိုခဲ့ပြီးသော အခွင့်အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ နည်းဥပဒေများသည် အောက်ပါကိစ္စများကို ပြဋ္ဌာန်းနိုင်သည်။

(က) ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံများကို မှတ်ပုံတင်သွင်းခြင်း၊ ၎င်းကိစ္စနှင့်စပ်လျဉ်း၍ လိုက်နာရမည့်စည်းကမ်းနည်းလမ်းများကိုရေးဆွဲခြင်း။

---

[1] ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၇ အရ အစားထည့်သွင်းသည်။

[2] ဤအက်ဥပဒေအရ နည်းဥပဒေများကို၊ မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၉ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၅၃၄ တွင် ထုတ်ပြန်ကျေညာသည်။ ၎င်းနည်းဥပဒေ ပြင်ဆင်ချက်များကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၀ ပြည့်နှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၇၁၆ တွင် ထုတ်ပြန်ကျေညာသည်။

(ခ) လိုင်စင်များကို ထုတ်ပေးခြင်း၊ ၎င်းလိုင်စင်များ၏ပုံစံနှင့်စည်းကမ်းချက်များ၊ ၎င်းပြင် ပေးဆောင်ရမည့် လိုင်စင်ခများကိုကန့်သတ်ခြင်း။

(ဂ) လိုင်စင်များကို ခေတ္တရပ်ဆိုင်းထားခြင်း၊ ရုပ်သိမ်းခြင်းနှင့်အသစ်လဲလှယ်ခြင်း။

(ဃ) ဤအက်ဥပဒေအရ အခွန်ပေးဆောင်ရသည့်အခွန်၊ သို့တည်းမဟုတ် စားဘွယ်သောက်ဘွယ်များအတွက်ရရှိသော အဘိုးအခများနှင့် အခွန်ငွေအရပ်ရပ်၏ စာရင်းအင်းများကို ကောင်းစွာ ထိန်းသိမ်းထားရှိစေခြင်း၊ ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံပိုင်ရှင်က တည်းခိုစားသုံးသူတို့အား၊ ထုတ်ပေးသည့် လက်ခံပြေစာများကို သိမ်းဆည်းထားစေခြင်း၊ ပုဒ်မ ၁၁ အရ ခန့်ထားသောအရာရှိများကြည့်ရှုစစ်ဆေးရန်အတွက် ၎င်းစာရင်းအင်းများနှင့်ပြေစာလက်ခံများကိုတင်ပြစေခြင်း။

(င) ပိုင်ရှင်ထံမှ လိုအပ်သည့်အစီရင်ခံစာများနှင့် စာရင်းအင်းများကို ပိုင်ရှင်ကတင်ပြစေခြင်း။

(စ) ဟော်တယ်နှင့် ပျော်ပွဲစားအခွန်တော် တံဆိပ်ခေါင်းတို့ကိုပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်ရောင်းချခြင်း၊ ၎င်းပြင် မည်သူမည်ဝါသာ ကြိုးကြပ်ရောင်းချရမည်ဟု ကန့်သတ်ခြင်း။

(ဆ) ပိုင်ရှင်အား ဟော်တယ်နှင့် ပျော်ပွဲစားရုံအခွန်တော် တံဆိပ်ခေါင်းများကို လုံလောက်စွာကြိုတင်၍ ဝယ်ယူထားရှိစေခြင်း၊ ၎င်းတံဆိပ်တော်ခေါင်းများနှင့်စပ်လျဉ်း၍ စာရင်းအင်းများကိုထားရှိတင်ပြစေခြင်း။

(ဇ) ဤအက်ဥပဒေအရစည်းကြပ်သော၊ သို့တည်းမဟုတ် ကောက်ခံသောအခွန်နှင့်စပ်လျဉ်းသည့် လျှောက်လွှာများ၊ အယူခံလွှာများကိုထင်သွင်းခြင်း၊ စီရင်ဆုံးဖြတ်ခြင်း။

(ဈ) အသုံးမချသေးသော အခွန်တော် တံဆိပ်ခေါင်းများအတွက် ငွေကိုပြန်အမ်းခြင်း၊ ပျက်စီးယိုယွင်းနေသည့်တံဆိပ်တော်ခေါင်းများကို အသစ်လဲလှယ်ပေးခြင်း။

(ည) မှားယွင်း၍ဖြစ်စေ၊ ပိုခို၍ဖြစ်စေ၊ ပေးဆောင်သည့်အခွန်ကိုပြန်အမ်းခြင်း။

(ဋ) မည်သည့် ပြည်သူ့ဟော်တယ်ပျော်ပွဲစားရုံပိုင်ရှင်အား အခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍၊ စစ်ဆေးမေးမြန်းရန်ဆင့်ဆိုခြင်း၊ လာရောက်စေခြင်း။

(၃) ဤပုဒ်မအရ၊ နည်းဥပဒေအာဏာတရပြုလုပ်ရာ၌ဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ သို့တည်းမဟုတ် အမိန့်များကိုကျူးလွန်သည့်အတွက် ဤအက်ဥပဒေတွင် အခြားပြစ်ဒဏ်ထားခြင်းမရှိလျှင်၊ ဤကိစ္စအတွက်အာဏာအပ်နှင်းခြင်းခံရသောအရာရှိသည်၊ ပြစ်မှုကျူးလွန်သူအား၊ နှစ်ရာထိငွေဒဏ်၊ ထို့ပြင်ပြစ်မှုကိုဆက်လက်ကျူးလွန်ပါက၊ ပဌမပြစ်မှု ကျူးလွန်ပြီးနောက်၊ နောက်ထပ်ဆက်လက်ကျူးလွန်သော ပြစ်မှု၏ ကာလအပိုင်းအခြားအတွက် တနေ့လျှင်တရာထိ ငွေဒဏ်စီရင်စေရန် နိုင်ငံတော်သမတက ပြဋ္ဌာန်းနိုင်သည်။

၁၆။ ။နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍၊ ပုဒ်မ ၁၅ နှင့် ဤပုဒ်မအရ မိမိအားအပ်နှင်းထားသည့်အာဏာများမှတပါး၊ ဤအက်ဥပဒေအရ မိမိ၏အခြားသော အာဏာ အားလုံးကိုသော်၎င်း၊ အာဏာ အရပ်ရပ်ကိုသော်၎င်း၊ မိမိလက်အောက်ခံ မည်သူသို့မဆို၊ သို့တည်းမဟုတ် မည်သည့်အရာရှိသို့မဆို လွှဲအပ်နိုင်သည်။ အာဏာလွှဲအပ်ခြင်း။